China • YUNNAN
HEADLINE
၈-၁၄ မတ် ၊ ၂၀၁၆ Vol.40
Yunnan Daily Press Group
ရန်ကုန်တိုင်းမ်
THE YANGON TIMES


# တရုတ်ယွမ်ငွေ နိုင်ငံတကာဖြစ်ရေး

၂၀၁၅ ခုနှစ်နိုဝင်ဘာ ၃၀ ရက်တွင် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)သည် တရုတ်ယွမ်ငွေကို ယင်းအဖွဲ့၏အထူးငွေထုတ်ခွင့်(SDR)မှငွေ"ခြင်း" ထဲသို့ တရားဝင်သိမ်းသွင်းရန်ဆုံးဖြတ်လိုက်ကြောင်း ကြေငြာခဲ့သည်။ ယင်းဆုံးဖြတ်ချက်သည် ၂၀၁၆ ခုနှစ်အောက်တိုဘာ၁ရက်မှစ၍ အကျိုး သက်ရောက်မည်ဖြစ်သည်။ ယင်းသည်ကား တရုတ်ယွမ်ငွေသည် ငွေ "ခြင်း" သို့ သိမ်းသွင်းခံရသည့်ပထမဦးဆုံးသောဖွံ့ဖြိုးစဈေးကွက်နိုင်ငံများ၏ငွေကြေးလည်းဖြစ်၊ တရုတ်ယွမ်ငွေသည် နိုင်ငံတကာဖြစ်ရေးလမ်းကြောင်းပေါ်သို့ သော့ချက်ပါသောခြေလှမ်းတစ်လှမ်းကိုလည်း လျှောက်လှမ်းခဲ့ပြီးဖြစ်ကြောင်း လက္ခဏာဆောင်လိုက်သည်။

တရုတ်ယွမ်ငွေနိုင်ငံတကာဖြစ်ရေးဆိုသည်မှာ တရုတ်ယွမ်ငွေ နယ်စပ်ဖြတ်ကျော်၍ ပြည်ပတွင်လှည့်ပတ်နိုင်ပြီး နိုင်ငံတကာတွင် အသိအမှတ်ပြုသောတန်ဖိုးတွက်ချက်ရန်၊ စာရင်းရှင်းရန်နှင့် သိုလှောင်ရန်ငွေကြေးဖြစ်လာသည့်ဖြစ်စဉ်ကိုဆိုသည်။ ယင်းတွင် အောက်ပါအဓိပ္ပာယ်ပါဝင်သည်။

(၁) တရုတ်ယွမ်ငွေသည် ပြည်ပတွင် လှည့်ပတ်မှုနှုန်း ခံစားခွင့်အသင့်အတင့်ရှိသည်။ (၂) တရုတ်ယွမ်ငွေဖြင့် တန်ဖိုးတွက်ချက်သော ငွေကြေးထွက်ကုန်များသည် ဗဟိုဘဏ်များအပါအဝင် နိုင်ငံတကာမှ အဓိကငွေကြေးအဖွဲ့အစည်းအသီးသီးတို့၏ ရင်းနှီးမြှုပ်နှံရန် ကိရိယာဖြစ်လာတော့သည်။ (၃)နိုင်ငံတကာကုန်သွယ်မှုတွင် တရုတ်ယွမ်ငွေဖြင့် စာရင်းရှင်းသောအရောင်းအဝယ်သည် အချိုးအစားအသင့်အတင့်ရောက်ရှိရမည်ဖြစ်သည်။ ၄င်းအနက် နောက်နှစ်ချက်မှာ အထူးပင်အရေးပါလှသည်။

တရုတ်တစ်နိုင်ငံလုံးတွင် ယူနန်သည် နယ်စပ်ကုန်သွယ်မှုတွင် အစောဆုံး တရုတ်ငွေဖြင့်စာရင်းရှင်းသောပြည်နယ်တစ်ပြည်နယ်ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် ယူနန်သည် တစ်နိုင်ငံလုံးတွင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအတွက် တရုတ်ယွမ်ငွေဖြင့်စာရင်းရှင်းရန် ခွင့်ပြုခံရသော ဒုတိယအသုတ် စမ်းသပ်ဇုန်ဖြစ်လာသည်။ တရုတ်ယွမ်ငွေကို နယ်စပ်ဖြတ်ကျော် သုံးစွဲနိုင်ခြင်းသည် နယ်စပ်ကုန်သွယ်မှုမှနေ၍ တရုတ်ယွမ်ငွေစာရင်းရှင်းရေးမှ တရုတ်ယွမ်ငွေနိုင်ငံတကာ



ဖြစ်ရေးသို့ အသွင်ကူးပြောင်းခြင်းကို အကောင်အထည် ဖော်ဆောင်နိုင်ခဲ့သည်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ယူနန်ပြည်နယ်၌ တရုတ်ယွမ်ငွေနယ်စပ်ဖြတ်ကျော်စာရင်းရှင်းခဲ့သည့် ပမာဏမှာ ယွမ်ပေါင်း ၂၄၁ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း၊ ၂၀၁၅ခုနှစ်ဇန်နဝါရီလမှဇွန်လအထိ တစ်ပြည်နယ်လုံးရှိ တရုတ်ယွမ်ငွေနယ်စပ်ဖြတ်ကျော်စာရင်းရှင်းခဲ့သည့် ပမာဏမှာ ယွမ်ပေါင်း ၃၁.၁ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

လောလောဆယ် တရုတ်ယွမ်ငွေ နိုင်ငံတကာဖြစ်ရေး လမ်းကြောင်းပေါ်တွင် အတားအဆီးများစွာ ရှိနေသေးသည်။ ဥပမာအားဖြင့် ပြောရလျှင် ပြည်တွင်းငွေရေးကြေးရေး ဈေးကွက်၏ နက်ရှိုင်းမှု၊ ကျယ်ပြန့်မှုနှင့် နိုင်ငံတကာအဆင့်မီ စံချိန်စံနှုန်းချဲ့ထွင်မှု၊ နိုင်ငံတကာတွင် လှည့်ပတ်မည့် တရုတ်ယွမ်ငွေပမာဏ၏ တိုးတက်ရေးချဲ့ထွင်မှုစသည်တို့ဖြစ်သည်။ "(၁၃)ခုမြောက် (၅)နှစ်စီမံကိန်း" ကာလအတွင်း တရုတ်နိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး၏ ဆက်လက်တိုးမြှင့်ဆောင်ရွက်လာသည်နှင့်အမျှ တရုတ်ယွမ်ငွေနိုင်ငံတကာဖြစ်ရေးသည် တဟုန်ထိုး ဖော်ဆောင်သွားမည်ဖြစ်သည်။

သတင်းထောက် - ဟန်ချိန်ယွမ်


# တရုတ်နှစ်သစ်ကူးပွဲတော်ဖြစ်သည့်ရွှေဝါရောင်သီတင်းပတ်တွင် မော်ဟန်းနယ်စပ်ဂိတ်မှ ပြည်ဝင်ပြည်ထွက်သူဦးရေ (၅) နှစ်ဆက်တိုက်တိုးတက်

'ဒီလောက်များတဲ့ ခရီးသည်များဟာ မော်ဟန်းဂိတ်က ပြည်ထွက်ပြီး လည်ပတ်ကြတာကို ဘယ်တော့မှမထင်ခဲ့ပါ။ လူတွေများလှပေမဲ့ လမ်းတစ်လျှောက်ရှုခင်းကြောင့် ဒီတစ်ကြိမ်ခရီးကို အချည်းနှီးမဖြစ်ခဲ့ပါ။ ဂိတ်ဖြတ်ဖို့အချိန်လည်းသိပ်မြန်တယ်"ဟုလာအို၊ ထိုင်းနိုင်ငံသို့ ကိုယ်ပိုင်ယာဉ်မောင်း၍ (၅)ရက်ကြာလည်ပတ်ပြီးနောက် စန်ရှီးပြည်နယ်မှ ရောက်ရှိလာသော ခရီးသည် မစ္စတာလီက ဤသို့ပြောသည်။

မော်ဟန်းနယ်စပ် စစ်ဆေးရေးဌာန၏စာရင်းများအရ တရုတ်နှစ်သစ်ကူးပွဲတော်ဖြစ်သည့် ရွှေဝါရောင်သီတင်းပတ်အတွင်း မော်ဟန်းနယ်စပ်ဂိတ်အနေနှင့် ပြည်ဝင်ပြည်ထွက်သူ ဦးရေစုစုပေါင်း (၄၃၆၂၄)ဦးစစ်ဆေးခဲ့ပြီး ယမန်နှစ်အလားတူကာလကထက် ၃၅.၈% တိုးတက်ခဲ့ကြောင်း၊ ပြည်ဝင်ပြည်ထွက်ယာဉ်အစီး(၁၀၇၂၅)စီး စစ်ဆေးခဲ့ပြီး ယမန်နှစ်အလားတူကာလကထက် ၂၄.၇% တိုးတက်ခဲ့ကြောင်း၊ (၅)နှစ်ဆက်တိုက်တိုးတက်ခဲ့ပြီး ယခုနှစ်တွင် စံချိန်သစ်တင်ခဲ့ကြောင်း သိရှိရသည်။

ပွဲတော်ကာလအတွင်း ပြည်ဝင်ပြည်ထွက်ကြသည့် ခရီးသည်များအတွက် အရည်အသွေးမြင့်မားသော၊ တွင်ကျယ်သော၊ လွယ်ကူချောမွေ့သော ဂိတ်ဖြတ်ရန်ဝန်ဆောင်မှုကို ခံစားနိုင်စေရန်မော်ဟန်းနယ်စပ် စစ်ဆေးရေးဌာနသည် ဝန်ဆောင်မှုကို ဦးထိပ်ထား၍ ဆောင်ရွက်ပေးရန် နယ်စပ်ဂိတ်ရှိပူးတွဲစစ်ဆေးရေးဌာနများကိုစည်းရုံးပြီး နှစ်သစ်ကူးပွဲတော်လွယ်ကူချောမွေ့စွာဂိတ်ဖြတ်စေရေးဆိုင်ရာအစည်းအဝေးကို ကျင်းပခဲ့သည်။ ဂိတ်ဖြတ်လုပ်ထုံးလုပ်နည်းများကို ဆတက်ထမ်းပိုး လွယ်ကူစေခဲ့သည်။ လာအိုနိုင်ငံမော်တင်း ပြည်သူ့လုံခြုံမှုစစ်ဆေးရေးဌာနနှင့် ယာယီတွေ့ဆုံပွဲနှစ်ကြိမ်ကျင်းပခဲ့ရာ နှစ်သစ်ကူးပွဲတော်ကာလအတွင်း ဂိတ်ဖြတ်ချိန် ရွှေ့ဆိုင်းရန်ကိစ္စရပ်နှင့်ပတ်သက်၍ သဘောတူညီချက်များရရှိခဲ့သည်။ နှစ်သစ်ကူးပွဲတော်ကာလအတွင်း ဂိတ်ဖွင့်ချိန်ကို နာရီဝက်ကြိုတင်ပြီး ဂိတ်ပိတ်ချိန်ကို(၃)နာရီရွှေ့ဆိုင်းနိုင်ခဲ့သည်။ ထိုသို့လုပ်ရခြင်းအားဖြင့် ဂိတ်တွင် ကားပိတ်ဆို့မှု၊ လူစုဝေးမှုစသည့် နယ်စပ်ဂိတ်၏ ပုံမှန်ဖြတ်သန်းရေးကို ထိခိုက်နိုင်သည့် အခြေအနေများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် "နှစ်သစ်ကူးပွဲတော်ဝန်ဆောင်မှုသီတင်းပတ်" ခေါင်းစဉ်အဖြစ်ထားသော လှုပ်ရှားမှုကို တက်ကြွစွာ စည်းရုံးဆင်နွှဲခဲ့ပြီး "ပါတီဝင်များဝန်ဆောင်မှုပေးရန်ရှေ့ဆောင်လမ်းပြအဖွဲ့" ကို ဖွဲ့စည်းခဲ့သည်။ နယ်စပ်ဂိတ်ရှိ စစ်ဆေးခန်းများတွင် "အခက်ကြုံခရီးသည်များလှည့်လည်ဝန်ဆောင်မှုစခန်း" ကို ဖွင့်လှစ်ခဲ့သည်။ အကြီးစားခရီးသွားအဖွဲ့များအတွက် ကားပေါ်တက်စစ်ဆေးခြင်း၊ ကြိုတင်စစ်ဆေးခြင်း၊ ကိုယ်ပိုင်ယာဉ်မောင်း ခရီးသွားများအတွက် အစိမ်းရောင်လမ်းကြောင်း ဖွင့်လှစ်ခြင်း၊ နယ်စပ်ဂိတ်မြန်နှုန်းအချိန်မီထုတ်ပြန်ခြင်းစသည့် ပြည်သူ့အကျိုးပြုရန်နည်းလမ်းများကို ကျင့်သုံးခဲ့သည်။ "မော်ဟန်းနယ်စပ်စစ်ဆေးရေး" wechat အကောင့်နှင့် LED မှန်ပြားတို့ဖြင့် နှစ်သစ်ပွဲတော်ကာလအတွင်း ပြည်ဝင်ပြည်ထွက်မှုအခြေအနေ၊ ပြည်ဝင်ပြည်ထွက်မှုဆောင်ရွက်ချက်အသစ်၊ ပြည်ထွက်ခရီးသွားရန်လမ်းညွှန်၊ ခရီးသွားမည့်နိုင်ငံတို့၏ဓလေ့ထုံးစံ၊ ရှောင်ကင်းချက်၊ ဥပဒေ၊ နည်းဥပဒေနှင့် စည်းကမ်းချက်များကို လိုမ့်၍ ထုတ်ပြန်ခဲ့သည်။ ခရီးသည်များ တွေးတောသလိုတွေးတော၊ ခရီးသည်များစိတ်လောသလို စိတ်လောပေးပြီး နိုင်ငံ့မှန်ဦးပြတင်းပေါက်၏ ကောင်းမွန်သောပုံရိပ်ကို ပြသခဲ့သည်။ နှစ်သစ်ကူးပွဲတော်ကာလအတွင်း ပြည်ဝင်ပြည်ထွက်ခဲ့သည့်ခရီးသည်များမှာ ရာနှုန်းပြည့်ကျေနပ်ခဲ့သည်။

သတင်းထောက်-ဝူဖင်၊
ဟွမ်ယွမ်ဖေး



## လာအိုတွင် အခွန်အကောက်ပျောက်လွင့်မှုမဖြစ်စေရန် စမတ်အကောက်ခွန်စနစ်တင်သွင်းမည်

ဗီယင်ကျင်းမြို့အခြေစိုက် ယူနန်ပြည်နယ်ကုန်သွယ်ရေး(လုပ်ငန်း)ကိုယ်စားလှယ်ရုံးမှရရှိသော သတင်းအရ လာအိုနိုင်ငံသည် စမတ်အကောက်ခွန်စနစ်ကို အသစ်တင်သွင်းသွားမည်ဖြစ်ကြောင်း၊ ယင်းစနစ်သည် အခွန်ပျောက်လွင့်မှုကာကွယ်ခြင်းနှင့် စာရွက်စာတမ်းပြုစုရန် အချိန်လျှော့နည်းခြင်းဖြစ်သော စွမ်းဆောင်ရည်ရှိကြောင်း သိရှိရသည်။ အကောက်ခွန် ကိန်းဂဏန်းအော်တိုစနစ်သည် လာအိုအနယ်နယ်အရပ်ရပ်မှ နယ်စပ်ဂိတ်(၂၃)ခု၌ အသုံးပြုခဲ့ပြီးဖြစ်သဖြင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအတွက် ကိုယ်နှစ်သက်ရာ အခွန်ပေးချေသည့် စွမ်းဆောင်ရည်ကို အောင်မြင်စွာ ဖော်ဆောင်နိုင်သည်။ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များသည် အခွန်ပေးချေရေးလုပ်ငန်းကို (၁၅-၃၀)မိနစ်ဖြင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်။ မူလတစ်နေကုန် အခွန်ပေးချေရသည့် အချိန်ထက် သိသိသာသာ အတိုချုံ့နိုင်သည်။ ယင်းစနစ်သစ်အရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များသည် ပို့ကုန်သွင်းကုန်ပစ္စည်းများကို ကိုယ်တိုင်လျှောက်ထားပြီး သက်ဆိုင်ရာအခွန်များကို ပေးဆောင်ရမည်ဖြစ်သည်။ ယခင် အခွန်ပျောက်လွင့်စေသော အကောက်ခွန်စနစ်နှင့်လုံးဝမတူတော့ပါ။ ထို့ပြင် လာအိုနိုင်ငံအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် နယ်ခံဒေသအသီးသီးရှိ ဘဏ်များနှင့်ပူးပေါင်း၍ စမတ်အကောက်ခွန်စနစ်တင်သွင်းပြီး လုပ်ငန်းရှင်များအား ဘဏ်မှတစ်ဆင့် အခွန်များကို အချိန်မီပေးဆောင်စေခဲ့သည်။

သတင်းထောက် - ဝူဖင်

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝဂ်ဆိုက် ကိုဝင်ရောက်ပါ။

# ကော်ဖီစိုက်ပျိုးခြင်းဖြင့် ဖုန်းဆားလီပြည်နယ်ကို ချမ်းသာစေ

ယူနန်ချန်းစိန်တာ ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီလီမိတက်သည် ၂၀၁၁ ခုနှစ်မှစ၍ လာအိုနိုင်ငံမြောက်ပိုင်း ဖုန်းဆားလီပြည်နယ်အတွင်း ကော်ဖီစိုက်ပျိုးပြီးသည့်နောက် ဖုန်းဆားလီ၊ ပိန်နို၊ ဝင်းတိုက်၊ မုန်စောင်ဖန်၊ မုန်ခွာနှင့် မုန်မိုက်စသည့် ခရိုင်(၆)ခရိုင်တို့တွင် ကော်ဖီစိုက်ပျိုးရေးကို ဖြန့်ဖြူးခဲ့ပြီး ယင်းခရိုင်(၆)ခရိုင်မှ အစိုးရတို့နှင့် 《ကော်ဖီစိုက်ပျိုးရေးနှင့် ပဏာမအချောကိုင်ရေးဆိုင်ရာ သဘောတူစာချုပ်》 ကိုလည်း သီးခြားစီချုပ်ဆိုခဲ့သောကြောင့် ရွာပေါင်း (၁၈၆) ရွာ၊ အိမ်ထောင်(၂၂၄၇၉) အိမ် ပါဝင်ပူးပေါင်းရန် ဆွဲဆောင်သွားမည်ဖြစ်သည်။ လက်မှတ်ရေးထိုးခဲ့သည့် စိုက်ဧရိယာမှာ တရုတ်မို ၁. ၈ သိန်း ရောက်ရှိနိုင်သည်။

တိုတောင်းလှသည့် နှစ်များအတွင်း ကုမ္ပဏီနှင့် လာအိုနိုင်ငံရှိ အစိုးရအဆင့်ဆင့်တို့၏ လက်တွဲကြိုးပမ်းခြင်းအားဖြင့် ကော်ဖီစိုက်ပျိုးရေး စီမံကိန်းဇုန်တွင် ကော်ဖီစိုက်ဧရိယာ လျင်မြန်စွာတိုးတက်လာနေသည်။ ဖုန်ဆားလီပြည်နယ်အတွင်းရှိ ခရိုင်(၆)ခရိုင်တို့သည် ကော်ဖီစိုက်ဧရိယာ တရုတ်မို ၄. ၄ သောင်းကို ပြီးမြောက်အောင်စိုက်ပျိုးခဲ့ပြီး ရွာ(၁၂၆) ရွာ၊ အိမ်ထောင်(၇၀၀၀)အိမ်နီးပါး ပါဝင်စိုက်ပျိုးခဲ့သည်။ ယခင်က ကုန်ထုတ်ပုံစံနှင့် နည်းပညာနောက်ကျသော လယ်သမားများက ကော်ဖီစိုက်ပျိုးခြင်းဖြင့် ဘဝအဆင့်အတန်းကို မြှင့်တင်လာနိုင်သည်။ ၄င်းအနက် ကော်ဖီစိုက်ပျိုးရေးစီမံကိန်းကို အစောဆုံးပါဝင်ခဲ့သည့် ပိန်နော်ရွာသည် ၂၀၁၄ ခုနှစ်တွင် တစ်အိမ်လျှင် ပျမ်းမျှဝင်ငွေဒေါ်လာ (၁၀၀၀)ခန့်ရရှိခဲ့ပြီး အကောင်းဆုံးသော အိမ်ထောင်မှာ ဒေါ်လာ(၃၀၀၀)ကျော် ရောက်ရှိနိုင်သည်။ စာရင်းအရ စီမံကိန်းအားလုံး အောင်မြင်ဖြစ်ထွန်းလာပါက ရွာ(၁၈၆)ရွာနေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး "လာအိုတော်လှန်ရေးဒေသဟောင်း" မှ လယ်သမားအများစုတို့ကို ချမ်းသာသောလမ်းကြောင်းပေါ်သို့ ရောက်ရှိသွားအောင် တွန်းအားပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ စီမံကိန်းစတင်ဖော်ဆောင်ပြီးသည့်နောက် လာအိုနိုင်ငံအစိုးရ၊ လာအိုပြည်သူများ၏ အသိအမှတ်ပြုခံခဲ့ရသည်။

လာအိုနိုင်ငံ အမိကခေါင်းဆောင်နှင့် လာအိုအစိုးရမှ ဝန်ကြီးဌာန/ကော်မတီများမှ တာဝန်ရှိသူ၊ လာအိုနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့ကလည်း ကော်ဖီစိုက်ပျိုးရေးစခန်းသို့ ကြိမ်ပေါင်းများစွာ ကွင်းဆင်းလေ့လာခဲ့ပြီး အသိအမှတ်ပြုပေးခဲ့သည်။

လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရာတွင် ပရိဟိတလုပ်ငန်းကိုလည်း မမေ့သင့်ပါ။ ကုမ္ပဏီအနေနှင့် ကော်ဖီစိုက်ပျိုးရေး စီမံကိန်းဇုန်တွင် နယ်ခံဒေသများအတွက် အရှည်ကီလိုမီတာ (၁၀၀) ကျော်သော ကားလမ်းကို အခမဲ့ဖောက်လုပ်ပေးပြီး ဒေသခံအစိုးရသို့ မော်တော်ဆိုင်ကယ်များကိုလည်း လှူဒါန်းပေးခဲ့သည်။ ယဉ်ကျေးမှု၊ ပညာရေးလုပ်ငန်းများထောက်ခံအားပေးမှုဘက်တွင် ဒေသခံကျောင်းသူကျောင်းသားများအတွက် ပညာသင်


စိုက်ပျိုးထားကော်ဖီများကိုတွေ့ရစဉ်

အထောက်အကူပစ္စည်းအမျိုးမျိုး လှူဒါန်းပေးခဲ့သည့်အပြင် တရုတ်ဘာသာသင်တန်းနှင့် ကွန်ပျူတာသင်တန်းကိုလည်း အခမဲ့ဖွင့်လှစ်ခဲ့သည်။

အများပြည်သူတို့၏ ယဉ်ကျေးမှုဘဝကို ကြွယ်ဝစေရန် ဒေသခံများကို စည်းရုံး၍ ယဉ်ကျေးမှု၊ အားကစားလှုပ်ရှားမှုများကိုလည်း ကျင်းပခဲ့သည်။ ရွာသူရွာသားများအတွက် နည်းပညာပေးပွဲကျင်းပပြီး သစ်ပင်စိုက်ပျိုးပွဲကိုလည်း ဦးဆောင်ဦးရွက်ပြုခဲ့သည်။ ကုမ္ပဏီရှိဝန်ထမ်းများသည် ဒေသခံပြည်သူများနှင့် တစ်အိမ်သားလုံးပမာ ချစ်ခင်ရင်းနှီးကြပြီး ကုန်ထုတ်လုပ်မှု၊ နေထိုင်မှုဘဝ ချင်းခွဲ၍မရပါ။

သတင်းထောက် - လော်ရုံချန်

# တရုတ် – လာအို – မြန်မာ – ထိုင်း (၄) နိုင်ငံမဲခေါင်မြစ်ပူးတွဲကင်းလှည့် ဥပဒေကျင်းသုံးရေးဆောင်ရွက်မှုသည် သိသာထင်ရှားစွာ အောင်မြင်နိုင်ခဲ့

တရုတ်-လာအို-မြန်မာ-ထိုင်း(၄) နိုင်ငံတို့၏(၄၁)ကြိမ်မြောက် မဲခေါင်မြစ်ပူးတွဲကင်းလှည့် ဥပဒေကျင့်သုံးရေးအတွက် ဆောင်ရွက်ကြသည့် ရဲတပ်ဖွဲ့ဝင်အယောက်(၁၇၀)ကျော်တို့သည် မကြာမီ ယူနန်ပြည်နယ်စစ်ဆောင်ပန်နားကွမ်း လေဆိပ်ကမ်းသို့ လုံခြုံဘေးကင်းစွာဆိုက်ကပ်သဖြင့် ယခုအကြိမ်ကင်းလှည့်ဥပဒေကျင့်သုံးရေး တာဝန်ကို အောင်မြင်စွာပြီးစီးခဲ့ပြီး (၄)နှစ်ကြာ ဆောင်ရွက်ခဲ့သည့် မဲခေါင်မြစ်ပူးတွဲကင်းလှည့်ဥပဒေကျင့်သုံးရေးတာဝန်လည်း အောင်မြင်စွာ ပြီးဆုံးသွားသည်ကို လက္ခဏာဆောင်လိုက်သည်။




ယခုအကြိမ် ပူးတွဲကင်းလှည့်တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တရုတ်-လာအို-မြန်မာ-ထိုင်းနိုင်ငံတို့သည် စုစုပေါင်းကင်းလှည့်ရေယာဉ်(၁၀)စင်းဖြင့် ကင်းလှည့်ရေးတပ်ဖွဲ့ဖွဲ့စည်းထားသည်။ (၄)နိုင်ငံတို့သည် ကွပ်ကဲမှုနှင့် ဆက်သွယ်ရေးအရာရှိများကို စေလွှတ်၍ တရုတ်ကွပ်ကဲရေးရေယာဉ်ပေါ်သို့ လာရောက်ပြီး ပူးတွဲကွပ်ကဲခဲ့ကြသည်။ ပူးတွဲကင်းလှည့်ရေးတာဝန်ကို လေးရက်သုံးညကြာ ဆောင်ရွက်ခဲ့သည်။ ပူးတွဲကင်းလှည့်ရေးတပ်ဖွဲ့သည် ရွှေတြိဂံမြစ်ဝှမ်းတစ်လျှောက်တွင် ပူးတွဲစစ်ဆေးခြင်း၊ ပူးတွဲကွင်းဆင်းမေးမြန်းခြင်း၊ မူးယစ်ဆေးဝါးတားမြစ်ရန် ပညာပေးခြင်းနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း စသည်များကို ဆောင်ရွက်ခဲ့ကြသည်။

မဲခေါင်မြစ်ဝှမ်း ဒေသအတွင်း မူးယစ်ဆေးဝါးရောင်းချမှု၊ လက်နက်ရောင်းချမှု၊ မှောင်ခိုမှု၊ တရားမဝင်ရွှေ့ပြောင်းနေထိုင်မှု၊ လူကုန်ကူးမှုစသည့်နယ်စပ်ဖြတ်ကျော်ကျူးလွန်မှုများကို အားထုတ်တိုက်ခိုက်နိုင်ခဲ့သည်။ ပူးတွဲကင်းလှည့်စဉ်ကာလအတွင်း တရုတ်-လာအို-မြန်မာ-ထိုင်း(၄)ဖက်တို့သည် လာအိုနိုင်ငံ မိုင်းမော်ဆက်သွယ်ရေးစခန်းတွင် ဘက်ပေါင်းစုံသတင်းအချက်အလက်ဖလှယ်ပွဲကျင်းပခဲ့ပြီး မဲခေါင်မြစ်ဝှမ်းဒေသ၏ လက်ရှိငြိမ်ဝပ်ပိပြားရေးအခြေအနေများကို အပြန်အလှန်ဖလှယ်ခဲ့ကာ ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုရင်းနှီးစေရန်၊ ပိုမိုပူးတွဲဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီချက်များ ရရှိခဲ့သည်။ ပူးတွဲကင်းလှည့်ရေးတပ်ဖွဲ့သည် ဘေးအန္တရာယ်ကြီးလှသော သောင်ပြင်၊ အစီးသန်သောရေစီးကြောင်း၊ နေ့ခင်းညခင်း အပူဒီဂရီများစွာကွာခြားခြင်း၊ မြူခိုးများဖုံးအုပ်ခြင်းစသည့်အခက်အခဲများကို ကျော်လွှားပြီး တရုတ်နိုင်ငံကွမ်းလေဆိပ်ကမ်းမှအစ မြန်မာ-လာအို-ထိုင်း(၃)နိုင်ငံနယ်စပ်ချင်း ထိစပ်ရာနေရာဖြစ်သည့် ရွှေတြိဂံမြစ်ဝှမ်းဒေသအထိ ပူးတွဲကင်းလှည့် ဥပဒေကျင့်သုံးရေးကို ဆောင်ရွက်ခဲ့ကြ၍ ခရီးအရှည်မှာ(၅၁၂) ကီလိုမီတာရှိသည်။ ရေယာဉ်ပေါင်း(၇) စင်း၊ လူပေါင်း(၄၃)ဦးကို စစ်ဆေး၍ ကုန်ပစ္စည်းတန်ချိန်(၈၆၀)တန်၊ သင်္ဘောသားနှင့် ပြည်သူလူထုဦးရေပေါင်း (၄၆) ဦးကို ကွင်းဆင်းမေးမြန်းခဲ့သည်။

တရုတ်-လာအို- မြန်မာ-ထိုင်းမဲခေါင်မြစ် ပူးတွဲကင်းလှည့်ဥပဒေကျင့်သုံးရေးဆောင်ရွက်မှုကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် တရားဝင်စတင်ခဲ့ခြင်းဖြစ်သည်။ (၄)နှစ်ကြာကာလအတွင်း ပူးတွဲကင်းလှည့်ဥပဒေ ကျင့်သုံးရေးတာဝန်ကို စုစုပေါင်း(၄၁)ကြိမ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ တရုတ်နိုင်ငံမှ ပတ်ဝန်းကျင်နိုင်ငံများနှင့် ပူးပေါင်း၍ ဥပဒေကျင့်သုံးရေး ဆောင်ရွက်မှု၏ စံပြဖြစ်လာတော့သည်။ စာရင်းများအရ (၄)နိုင်ငံတို့သည် ဥပဒေကျင့်သုံးရေး ဆောင်ရွက်မှုဝန်ထမ်း (၆၂၁၂)ဦး/ကြိမ်၊ ဥပဒေကျင့်သုံးရေးဆောင်ရွက်မှုရေယာဉ် (၃၀၃)စင်းတို့ကို စေလွှတ်၍ ရွှေတြိဂံမြစ်ဝှမ်းဒေသအတွင်း ပူးတွဲစစ်ဆေးရေးလုပ်ငန်း (၃၈)ကြိမ်ဆောင်ရွက်ခဲ့ပြီး ရေယာဉ်ပေါင်း (၆၄၄)စင်း၊ လူပေါင်း(၂၈၃၅)ဦး၊ ကုန်ပစ္စည်းတန်ချိန်ပေါင်း(၄. ၄)သောင်းကိုစစ်ဆေးခဲ့ကာ စီးပွားရေးရေယာဉ်ပေါင်း (၁၃၅)စင်းကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ မဲခေါင်မြစ်ဝှမ်းတစ်လျှောက် မူးယစ်ဆေးဝါးရောင်းချမှု၊ လက်နက်ရောင်းချမှု၊ မှောင်ခိုမှု၊ တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုစသည့် နိုင်ငံဖြတ်ကျော်ကျူးလွန်မှုများကို ထိရောက်စွာ တိုက်ခိုက်နိုင်ခဲ့ပြီး မဲခေါင်မြစ်ဝှမ်းဒေသ၏ ရေကြောင်းလုံခြုံရေးကို ကာကွယ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

တရုတ်-လာအို- မြန်မာ-ထိုင်း(၄) နိုင်ငံတို့၏ ကြိုးစားမှုအောက်တွင် လောလောဆယ်မဲခေါင်မြစ် ပူးတွဲကင်းလှည့်ဥပဒေ ကျင့်သုံးရေးလုပ်ငန်းကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်နိုင်ခဲ့သည်။ လေးနိုင်ငံရှိ ဥပဒေကျင့်သုံးရေးဌာနများသည် ပိုမိုရင်းနှီးစွာ ကူးလူးဆက်ဆံကြပြီးပူးပေါင်းဆောင်ရွက်ရန် နယ်ပယ်များကိုလည်း အဆက်မပြတ် တိုးချဲ့နိုင်ခဲ့သည်။ ရေပေါ်ပူးတွဲကယ်ဆယ်ရေးလုပ်ငန်း၊ ကြီးလေးသော ရောဂါများအတွက် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း၊ ရေကြောင်းလုံခြုံစေရန် မူးယစ်ဆေးဝါးပူးတွဲတိုက်ဖျက်ရေးစသည့် ဆောင်ရွက်ချက်များကို ဆင်နွှဲခဲ့ပြီး မဲခေါင်မြစ်ဝှမ်းဒေသ၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုထိရောက်စွာ ထိန်းသိမ်းနိုင်ခဲ့သည်။

CULTURAL

# ယူနန်၏ပြည်ဝင်ခရီးသွားလုပ်ငန်းတိုးတက်မှုနှုန်းသည် တရုတ်တစ်ပြည်လုံး၏ပျမ်းမျှတိုးတက်မှုနှုန်းထက် ပိုမို မြင့်မား

ယမန်နှစ်က ယူနန်ပြည်နယ်သည် နိုင်ငံခြားသားခရီးသည်ဦးရေသန်းပေါင်း ၁၀.၇၅၃၂ ဦး/ကြိမ်ကို လက်ခံခဲ့ပြီး အလားတူကာလကထက် ၇.၇၅ ရာခိုင်နှုန်းတိုးတက်၍ တစ်ပြည်လုံး၏ ပျမ်းမျှတိုးတက်မှုနှုန်း ၄ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားကြောင်း၊ ယူနန်၏ခရီးသွားလုပ်ငန်းဝင်ငွေမှာ စုစုပေါင်းယွမ် ၃၂၈.၁၇၉ ဘီလီယံရရှိခဲ့ပြီး အလားတူကာလကထက် ၂၃.၀၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၆ ရက်တွင် ယူနန်ပြည်နယ်အစိုးရ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ထုတ်ပြန်သောသတင်းအရ ၂၀၁၅ခုနှစ်တွင် ယူနန်ပြည်နယ်သည် နိုင်ငံခြားသားခရီးသည်ဦးရေစုစုပေါင်း သန်းပေါင်း(၁၀.၇၅၃၂) ဦး/ကြိမ်ကိုလက်ခံပြီး အလားတူကာလကထက် ၇.၇၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ၄င်းအနက် နိုင်ငံခြားသားခရီးသည် (ညအိပ်သူ) ဦးရေသန်းပေါင်း (၅.၇၀၀၈)ဦး/ကြိမ်ကို လက်ခံပြီး အလားတူကာလကထက် ၇.၃၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ပြည်တွင်းခရီးသည်ဦးရေသန်းပေါင်း(၃၂၃.၄၃၉၅)ဦး/ကြိမ်ကိုလက်ခံပြီး အလားတူကာလကထက် ၁၅.၀၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ယူနန်ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေစုစုပေါင်းမှာ ယွမ်ပေါင်း (၃၂၈.၁၇၉)ဘီလီယံဖြစ်ပြီး အလားတူကာလကထက် ၂၃.၀၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ၄င်းအနက်ပြည်ဝင်ခရီးသည်ဦးရေ၏ တိုးတက်မှုနှုန်းသည် တရုတ်တစ်ပြည်လုံး၏ ပျမ်းမျှတိုးတက်မှုနှုန်း၄ရာခိုင်နှုန်းထက် ပိုမိုမြင့်မားကြောင်းသိရသည်။

ပြည်ဝင် ခရီးသွားရေးလုပ်ငန်းသည် ခရီးသွားလုပ်ငန်းလောကတွင် ဒေသတစ်ဒေသ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အထွေထွေအင်အားတောင့်တင်းမှုရှိမရှိကို ချိန်ဆတိုင်းတာရသည့် အရေးပါသောစံညွှန်းဖြစ်သည်။ သို့သော်လည်း ပြီးခဲ့သည့်နှစ်များအတွင်း ပြည်ထွက်ခရီးသွားလုပ်ငန်း ဆက်တိုက်စည်ကားခြင်းနှင့် များစွာကွာခြားထားသည်မှာ ပြည်ဝင်ခရီးသွားဈေးကွက်သည် နိမ့်ပါးသောအဆင့်တွင် အစဉ် တည်ရှိနေဆဲပင်ဖြစ်သည်။ ဝမ်းသာဖွယ်ရာကောင်းသည်မှာ ၂၀၁၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပြည်ဝင်ခရီးသွားလုပ်ငန်းသည် ပြီးခဲ့သည့်(၃)နှစ်တွင် ပထမဆုံးအကြိမ် တိုးတက်လာပြီး တရုတ်နိုင်ငံသည် ပြည်ဝင်ခရီးသည်ဦးရေသန်းပေါင်း(၁၃၃)ဦး/ကြိမ်ကို လက်ခံခဲ့သည်။ အလားတူကာလကထက် ၄ရာခိုင်နှုန်းတိုးတက်လာသည်။




ယူနန်ပြည်နယ်ကမူ ပြည်ဝင်ခရီးသွားဈေးကွက် ဆက်တိုက်တိုးတက်စေသောအားသာချက်ကို ဆက်လက်ဖော်ထုတ်ခဲ့ပြီးတိုးတက်မှုနှုန်းသည်တစ်ပြည်လုံးပျမ်းမျှတိုးတက်မှုနှုန်းထက် ပိုမိုမြင့်မားလာသည်။ ယူနန်ပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ခွဲစိတ်ခြင်းအရ ယူနန်ပြည်နယ်၏ပြည်ဝင်ခရီးသွားဈေးကွက်တွင် အာရှဈေးကွက်မှ လာရောက်လည်ပတ်သော ခရီးသည်အရေအတွက်သည် လျင်မြန်စွာတိုးတက်လာနေကြောင်း၊ ယမန်နှစ်က တစ်ပြည်နယ်လုံး လက်ခံခဲ့သည့်အာရှခရီးသွားဦးရေမှာ စုစုပေါင်းသန်း(၂.၉၂၈၄) ဦး/ကြိမ်ရှိပြီး အလားတူကာလကထက် ၁၃.၄၆ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၄င်းအနက် ထိုင်းခရီးသွားဦးရေ သိန်းပေါင်း(၅.၀၃၄)ဦး/ ကြိမ်လက်ခံခဲ့ပြီး အလားတူကာလကထက် ၁၀.၃၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ကိုရီးယား၊ မလေးရှားခရီးသွားဦးရေ သိန်းပေါင်း (၃.၃၆၆)ဦး/ကြိမ်၊ သိန်းပေါင်း(၂.၅၇၆) ဦး/ကြိမ်ကိုအသီးသီးလက်ခံခဲ့ပြီး အလားတူကာလကထက် တိုးတက်မှုနှုန်းညီတူကြောင်း၊ စင်ကာပူခရီးသွားဦးရေသိန်းပေါင်း(၂.၅၁၈)ဦး/ကြိမ်ကို လက်ခံခဲ့ပြီး အလားတူကာလကထက် ၄.၇၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ဥရောပခရီးသွားရေးဈေးကွက်မှ ယူနန်ပြည်နယ်သို့ လာရောက်လည်ပတ်ခဲ့သည့် ခရီးသွားဦးရေမှာသိန်းပေါင်း(၈.၃၀၉)ဦး/ကြိမ်ရှိပြီး အလားတူကာလကထက် ၈.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ၄င်းအနက် အင်္ဂလန်ခရီးသွားဦးရေ သိန်းပေါင်း (၁.၂၅၄)ဦး/ကြိမ်ရှိပြီး အလားတူကာလကထက် ၇.၇၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ပြင်သစ်ခရီးသွားဦးရေသိန်းပေါင်း(၁.၅၀၉)ဦး/ကြိမ်ရှိပြီး ဥရောပဈေးကွက်မှလက်ခံခဲ့သောခရီးသွားဦးရေမှာ အများဆုံးဖြစ်သည်။ ဩစတြေးလျားတိုက်မှ ခရီးသွားဦးရေသိန်းပေါင်း (၁.၁၁၆)ဦး/ကြိမ်ရှိသည်။ ပြောသင့်ပြောထိုက်သည်မှာ ဩစတြေးလျားနိုင်ငံ၏ ခရီးသွားဦးရေသည် သိန်းပေါင်း (၀.၈၅၂)ဦး/ကြိမ်ရှိပြီး အလားတူကာလကထက် ၄.၅၉ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် ယူနန်ခရီးသွားဈေးကွက်၏ဖွဲ့စည်းပုံကို တစ်ဆင့်တက်ကောင်းမွန်စေပြီး စားသုံးမှုအဆင့်အတန်းကိုလည်း တစ်ဆင့်တက် တိုးတက်လာသည်ကို အောက်ပါအတိုင်းတွေ့ရသည်။(၁)အလယ်တန်း၊ အမြင့်တန်းဝင်ငွေရရှိသောလူတန်းစားသည် ခရီးသွားဈေးကွက်၏ အဓိကမဏ္ဍိုင်ဖြစ်သည်။ (၂)လူငယ်၊ လူလတ်များ၏ဈေးကွက်အချိုးအစားတိုးမြှင့်လာခြင်းဖြစ်သည်။

စာရင်းများအရ ၂၀၁၅ခုနှစ်အတွင်း ယူနန်ပြည်နယ်သို့ လာရောက်လည်ပတ်ခဲ့သည့်ခရီးသွားအများစုသည် အဓိကအားဖြင့် အင်တာနက်မှတစ်ဆင့် ခရီးသွားအချက်အလက်များကို ရယူထားသောအသက် ၂၅-၄၄နှစ်ဖြစ်သည့် လူငယ်လူလတ်များဖြစ်ပြီး ယူနန်ခရီးသွားဈေးကွက်မှလက်ခံခဲ့သည့်ခရီးသည်စုစုပေါင်း၏ ၆၂.၆၀ရာခိုင်နှုန်း ပါဝင်နေကြောင်း သိရှိရသည်။

(၃)ခရီးသွားများ၏ ရပ်နားချိန်ပိုမိုရှည်ကြာလာခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ပြည်တွင်းပြည်ပမှ ခရီးသွားများက ယူနန်ပြည်နယ်အတွင်း ပျမ်းမျှရပ်နားချိန်သည်(၂.၄၃)ရက်ရှိပြီး ၅.၁၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ (၄)စားသုံးမှုအဆင့်အတန်းကို တစ်ဆင့်တက်တိုးမြှင့်လာခြင်းဖြစ်သည်။ ယူနန်ခရီးသွားလုပ်ငန်းဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲလာသည်နှင့်အမျှ ခရီးသွားထွက်ကုန်အသွင်ကူးပြောင်းပြီး အဆင့်မြှင့်တင်လာသည်နှင့်အမျှ ခရီးသွားများသည် ယူနန်ပြည်နယ်တွင် သုံးစွဲခဲ့သည့်အကုန်အကျမှာ အဆက်မပြတ် မြင့်တက်လာခဲ့သည်။

ယူနန်ပြည်နယ်အစိုးရခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စာရင်းအင်းဌာနတို့သည် တရုတ်အစိုးရစာရင်းအင်းဌာနချုပ်၏ ကုန်ထုတ်လုပ်ငန်းခွဲခြားမှုစနစ်ပေါ်မူတည်၍ ၂၀၁၅ ခုနှစ်အတွင်း ယူနန်ပြည်နယ်ရှိ ခရီးသွားလုပ်ငန်း၏ ကုန်ထုတ်တန်ဖိုးမှာ ယွမ်(၉၀.၇)ဘီလီယံတိုးတက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၏ယွမ်(၈၂.၃၉၄)ဘီလီယံထက် ယွမ်(၈.၃၀၆) ဘီလီယံတိုး တက်ခဲ့ကြောင်း၊ တစ်ပြည်နယ်လုံးရှိ GDP ၏ ၆.၆ ရာခိုင်နှုန်းခန့်ပါဝင်ခဲ့ပြီး ၂၀၁၄ ခုနှစ်၏ ၆.၄၃ ရာခိုင်နှုန်းထက် ၀.၁၇ ရာခိုင်နှုန်းမြှင့်တင်လာကြောင်း၊ တစ်ချိန်တည်းတွင် ခရီးသွားလုပ်ငန်းသည် ဘဏ္ဍာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အရေးပါသည့်အခန်းထဲ ပါဝင်နေပြီး ၂၀၁၅ ခုနှစ်တွင် ခရီးသွားလုပ်ငန်းကြောင့် သန်းပေါင်း(၆.၉၈၀၂) ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခဲ့ကြောင်း၊ ၄င်းအနက် ခရီးသွားလုပ်ငန်းကို တိုက်ရိုက်လုပ်ကိုင်သူဦးရေမှာ သန်းပေါင်း(၂.၄၈၉၄) ဦးရှိပြီး သွယ်ဝိုက်လုပ်ကိုင်သူဦးရေမှာ သန်းပေါင်း(၄.၄၉၀၈)ဦးရှိကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ ထုတ်လုပ်သော အသားတင်အခွန်သည် ယွမ်(၁၀.၀၉၄)ဘီလီယံရှိပြီး ဘဏ္ဍာငွေစုစုပေါင်း၏ ၃.၁ ရာခိုင်နှုန်း ပါဝင်ခဲ့ကြောင်း ပဏာမအားဖြင့် ခန့်မှန်းထားသည်။ ယူနန်ပြည်နယ်အစိုးရခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် သက်ဆိုင်ရာ သုတေသနဌာနများ၏ ခန့်မှန်းချက်အရ ၂၀၁၅ခုနှစ်တွင် ပြည်နယ်တစ်ခုလုံး၏ ခရီးသွားလုပ်ငန်းအထွေထွေတိုးတက်မှု တန်ဖိုးပမာဏမှာ၊ တစ်နည်းအားဖြင့် တိုက်ရိုက်တိုးတက်မှုတန်ဖိုးနှင့် သွယ်ဝိုက်တိုးတက်မှုတန်ဖိုးစုစုပေါင်းမှာ ယွမ်ငွေ(၁၈၅.၈၆)ဘီလီယံ အထိရောက်ရှိပြီး စီးပွားရေးတစ်ရပ်လုံးတိုးတက်မှုတန်ဖိုး၏ ၁၃.၅၂ ရာခိုင်နှုန်း ပါဝင်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် တစ်ပြည်နယ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဆင့်တက်တွန်းအားပေးနိုင်ကြောင်း သိရသည်။



သတင်းထောက် - ကျူးဟိုင်၊ ချူတုံးဟွာ

## အထူးကဏ္ဍ

# နိုင်ငံခြားသားမိတ်ဆွေများ၏ ''ယူနန်အိပ်မက်''

ဖန့်ရှောင်လင် - ကော်ဖီဆိုင်တစ်ဆိုင်ဖွင့်၍ ဆိုင်အမည်ကို ဆာ့လ်ဝါတောဟုခေါ် "ကျွန်တော်ရောက်ဖူးတဲ့နေရာအများကြီးရှိတယ်။ ယူနန်မရောက်ခင်နေရာတစ်စုံတစ်ခုမှာ ကာလကြာရှည်စွာနေထိုင်တာကို ကျွန်တော်ဘယ်တော့မှမတွေးမိခဲ့ပါ"။ အဆိုပါစကားပြောကြားသူမှာ Colin ဖြစ်ပြီး ၎င်း၏တရုတ်အမည်ကို ဖန့်ရှောင်လင်ဟုခေါ်သည်။ ၎င်းသည် ယူနန်ပြည်နယ်တွင်(၁၄)နှစ်ကြာနေထိုင်ခဲ့သော အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်သည်။ ၎င်း၏အခြားသောရာထူးတစ်ခုမှာ ကူမင်းမြို့ဆာ့လ်ဝါတောကော်ဖီဆိုင်၏ ဆိုင်ရှင်ဖြစ်သည်။

ဖန့်ရှောင်လင်သည် တက္ကသိုလ်နေစဉ်အတွင်း လွတ်လပ်သောခရီးသွားသူတစ်ဦးဖြစ်ခဲ့ပြီး ကမ္ဘာ့အနှံ့သို့သွားရောက်လည်ပတ်ခဲ့ကြောင်း၊ ၎င်းအနက်အာရှနိုင်ငံအသီးသီးသို့ နှစ်လကြာလည်ပတ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် အမေရိကန်နိုင်ငံ၌ အလုပ်ဝင်လုပ်ခဲ့ကြောင်း၊ ဆက်လက်၍ ၎င်းသည် ယူနန်ပြည်နယ်တာ့လီမြို့သို့ ရောက်ရှိလာခဲ့ကြောင်း၊ အစက ယာယီရပ်နားမည်ဟုယူဆထားသော်လည်း လက်တွေ့မှာမူ သူ့ဘဝခရီးစဉ်တွင် (၁၄)နှစ်ကြာ နေထိုင်ခဲ့ကြောင်း ပြောကြားသွားသည်။

"ယူနန်ပြည်နယ်၊ တာ့လီမြို့ဟာ တခြားနေရာမှာ ရှိတဲ့ဆူညံမှုနဲ့မတူဘဲ အရမ်းစင်ကြည်ပါတယ်။ ကိုယ့်အိမ်ကိုယ်ပြန်လာသလိုခံစားမိတယ်"။ ဖန့်ရှောင်လင်သည် ထိုသို့ရိုးရိုးရှင်းရှင်းခံစားချက်ဖြင့် ဖက်စပ်လုပ်ကိုင်သူ Krisနှင့်အတူ ယူနန်ပြည်နယ်တွင်လုပ်ငန်းလုပ်ကိုင်ရန်ဆုံးဖြတ်လိုက်သည်။ များမကြာမီ၎င်းတို့၏အိပ်မက်ကိုသယ်ဆောင်ထားသောဆာ့လ်ဝါတောကော်ဖီဆိုင်သည် တာ့လီမြို့တွင်ဖွားမြင်လာတော့သည်။"ကျွန်တော်တို့ဟာ ဝင်ငွေ၊ သုံးငွေညီမျှမှုကို အစဉ်တစိုက်မနိုင်တနိုင် ထိန်းသိမ်းရတာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အိမ်ရှင်ရဲ့လိမ်ညာမှုကိုလည်းခံခဲ့ရလို့ ကော်ဖီဆိုင်ဆက်လက်ဖွင့်လှစ်ဖို့အတွက် အခက်ကြုံခဲ့ပါတယ်"ဟု ဖန့်ရှောင်လင်က အတိတ်ကအဖြစ်ကိုအနည်းငယ် မတတ်သာသောလေသံဖြင့် ပြောသည်။

အစွန်းသောအခြေအနေမျိုးတွင် အခွင့်အလမ်းတစုံတရာကိုလည်း ကိန်းအောင်းစမြဲပါ။ တာ့လီမြို့မှ ကူမင်းမြို့သို့ရောက်ရှိလာသော် ကူမင်းမြို့၏ စီးပွားရေး အလားအလာကောင်းမွန်လှသည်ဟုဖန့်ရှောင်လင်နှင့် ၎င်း၏ဖက်စပ်သူတို့က တညီတညွတ်တည်း ယူဆထားသည်။ သို့ဖြစ်၍ ကူမင်းမြို့၌ ဆာ့လ်ဝါတော ကော်ဖီဆိုင်တစ်ဆိုင် ထပ်မံဖွင့်လှစ်ရန်ဆုံးဖြတ်ကြသည်။

လက်ရှိတွင် ယင်းကော်ဖီဆိုင်သည် အနည်းငယ်နာမည်ကျော်ကြားလာပြီးဖြစ်သည်။ အင်တာနက်ပေါ်မှ ရှာဖွေကြည့်ပါက များပြားလှသောသောက်သုံးသူ ဧည့်သည်တော်များသည် ယင်းကော်ဖီဆိုင်အပေါ် ချီးမွမ်းပေးခဲ့ သည်ကို တွေ့ရပါမည်။

ဖန့်ရှောင်လင်သည် ၎င်းအတွက် အင်မတန်ဂုဏ်ယူမိပါသည်။ "အစမှာ ဆာ့လ်ဝါတောရဲ့ရေခဲမုန့်ဟာ နည်းနည်းကျော်ကြားလာတာဖြစ်ပါတယ်။ နောက်ပိုင်းတော့ ကျွန်တော်တို့ဆိုင်ရဲ့ကော်ဖီ၊ ဟင်းလျာများလည်း ဧည့်သည်တော်များရဲ့အသိအမှတ်ပြုခံရပါတယ်"။ ယခုအထိ လုပ်ငန်းအောင်မြင်နိုင်ခြင်း၏အကြောင်းရင်းမှာ တစ်ဘက်က ၎င်းတို့သည် ကုန်ကြမ်းပစ္စည်းများ၏အရည်အသွေးကို စွဲစွဲမြဲမြဲထိန်းသိမ်းထားခြင်းဖြစ်သည်။ နောက်တစ်ဘက်က ၎င်းတို့၏ ဝန်ထမ်းများက စည်းစည်းလုံးလုံးရှိနိုင်ခြင်းပင်ဖြစ်သည်။

လောလောဆယ် ဆာ့လ်ဝါတောကော်ဖီဆိုင်တွင် ဝန်ထမ်း(၁၆)ဦး ရှိသည်။ အများအားဖြင့် လင်ချန်းသားများဖြစ်ကြသည်။ ၎င်းတို့အနက် အလုပ်သက်(၁၀)နှစ်ကြာသော ဝန်ထမ်းဟောင်းရှိသည်၊ ယင်းဆိုင်၏ ဝန်ထမ်းအဖွဲ့တွင် ၃-၄နှစ်ကြာ ပါဝင်ခဲ့ကြသောလူငယ်လည်းရှိသည်။ ဝန်ထမ်းဟောင်းများသည် မိမိ၏မိသားစုမှ မောင်နှမများ၊ တစ်ရွာတည်းနေကြသည့် ညီအစ်ကိုများကိုမိတ်ဆက်ပြီး အားဖြည့်သည့်အနေဖြင့် ယင်းအဖွဲ့ထဲသို့ အဆက်မပြတ်ပါဝင်စေခဲ့သည်။ ယင်းကော်ဖီဆိုင်ကလည်း ၎င်းတို့၏ ကြီးပြင်းလာပုံကို မျက်မြင်ခဲ့ရသည်။

အနောက်တိုင်းအစားအသောက်ယဉ်ကျေးမှုနှင့်ပတ်သက်၍ မည်သည့်အကြောင်းမျှမသိသည့် အခြေအနေမှ ပေါင်မုန့်များကို ကျွမ်းကျင်စွာမီးကင်ခြင်း၊ ကော်ဖီများကို ကောင်းမွန်စွာပြုလုပ်ခြင်းအထိ၊ အလုပ်ဝင်လုပ်ခြင်းမှ အိမ်ထောင်ပြု၊ ကလေးမွေးသည်အထိဖြစ်သည်။

ယူနန်ပြည်နယ်တွင် အခြေချနေထိုင်သောဖန့်ရှောင်လင်သည် များပြားလှသောဒေသခံများထက် ယူနန်ပြည်နယ်၏အကြောင်းများကို ပိုမိုသိကျွမ်းနိုင်သည်။ "သင် တရုတ်ယဉ်ကျေးမှုနဲ့အနုပညာအကြောင်းများကို မေးလိုက်ရင် ကျွန်တော်အများအပြားပြောနိုင်မှာမဟုတ်ပါ။ ဒါပေမဲ့ကျွန်တော်ဟာ ယူနန်ပြည်နယ်မှာ များပြားလှတဲ့ ဒေသအထူးသဖြင့် ကျေးလက်များယဉ်ကျေးမှုအတွက်အသင့်အတင့်သိရှိပြီး အနည်းအကျဉ်းပြောပြနိုင်တယ်"။ ဖန့်ရှောင်လင်သည် ကျေးလက်သွားပြီး ဝန်ထမ်းများ၏လက်ထပ်မင်္ဂလာပွဲများကို တက်ရောက်တတ်သည်၊ ဧည့်သည်အဖြစ် ဝန်ထမ်းများ၏အိမ်သို့ သွားရောက်လည်ပတ်တတ်သည်၊ အားလပ်ချိန်တွင် ဖူမင်ခရိုင်သို့ သွားပြီး ကျောက်ဆောင်တက်တတ်သည်၊ မော်တော်ဆိုင်ကယ်စီးပြီး တာ့လီ၊ ရှန်ဂရီလာ စသည့်ဒေသများသို့သွားလည်တတ်သည်။ ယူနန်၏ကျေးရွာများတွင် "သန့်စင်မှု"တစ်မျိုးရှိကြောင်း၊ မြို့ကြီးပြကြီးများမှ ခေတ်မီသောအငွေ့အသက်များပါသည့် "သန့်စင်မှု" နှင့် မတူသည်မှာ ယင်းသည် သဘာဝတောတောင်ရေမြေမှရောက်ရှိလာသော"သန့်စင်မှု"တစ်မျိုးဖြစ်ကြောင်း ဖန့်ရှောင်လင်က ပြောသည်။

စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးအနေနှင့် ဖန့်ရှောင်လင်သည် ယူနန်ပြည်နယ်၏ ဒေသန္တရစားကောင်းသောက်ဖွယ်များကို သုတေသနပြုလေ့လာရန် စိတ်ဝင်စားလာသည်။

"ကျွန်တော့်ဇနီးဟာ တယ်ဟုန်သူဖြစ်တာမို့ ကျွန်တော်ဟာ ဇနီးကိုလိုက်ပြီးတိုင်(ရှမ်း)အရသာကို ကြိုက်နှစ်သက်လာတော့တယ်။ အထူးသဖြင့် 'ကြက်မည်း'ခေါ် ဟင်းလျာတစ်မျိုးဖြစ်တယ်။

ဟိုဟင်းလျာကို ကျွန်တော်နေ့တိုင်းလိုလို စားနိုင်ပါတယ်"။ သင်သည် အကယ်၍ ယူနန်သို့ ရောက်ရှိလာပါက ယူနန်ဟင်းလျာများကို စားကိုစားရမည်၊ သို့မဟုတ်လျှင် ယူနန်ယဉ်ကျေးမှုအထဲအကောင်းမွန်ဆုံးသော အပိုင်းနှင့်လက်လွတ်သွားလိမ့်မည်ဟု ဖန့်ရှောင်လင်က ပြောသည်။

"ကျွန်တော် ယူနန်ဟင်းကိုကြိုက်တယ်။ ယူနန်ကိုလည်း ကြိုက်တယ်။ ဒီနေရာဟာ ကျွန်တော့်ဒုတိယဇာတိရပ်ရွာဖြစ်သလိုပဲ"ဟု ၎င်းကပြောသည်။ ယူနန်၏အထူးခြားဆုံးသော ဝိသေသမှာ မျိုးစုံမျိုးကွဲဖြစ်သည်ဟုဖန့်ရှောင်လင်က ယူဆထားသည်။ ဤနေရာတွင် မီတာ(၆၇၄၀)မြင့်မားသော ခါဝါကာပေါ်တောင်ထွတ်ရှိသည်၊ စိုစွတ်ပူအိုက်သော အပူပိုင်းမိုးသစ်တောရှိသည်၊ အမျိုးစုံသော တိုင်းရင်းသားယဉ်ကျေးမှုရှိသည်။ ယူနန်ဟင်းလျာများတွင် ထိုသို့သဘာဝကျသောအငွေ့အသက်နှင့်မျိုးစုံမျိုးကွဲစုံလင်သော ယဉ်ကျေးမှုလက္ခဏာများ ပါဝင်လျက်ရှိသည်။

လက်ရှိတွင် ဖန့်ရှောင်လင်သည် အော်ဂဲနစ် ကျန်းမာရေးစားသောက်ကုန်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေဆဲဖြစ်သည်။ မိမိ၏ကုန်အမှတ်တံဆိပ် "တာလီပါ"ကို ပိုင်ဆိုင်ထားပြီးဖြစ်သည်။ နောင်တွင် ဤနေရာ၌ အကောင်အထည်ဖော်ဆောင်လိုသည့် အိပ်မက်အများကြီးရှိသေးသည်။ အများတို့က အမေရိကန်နိုင်ငံသားဖြစ်သည့် ဖန့်ရှောင်လင်သည် ယူနန်ပြည်နယ်ကို ရွေးချယ်အခြေချခြင်းအပေါ် အံ့သြပြီး နားမလည်နိုင်ပါ။ "တခါတလေ ကျွန်တော်ကိုယ်တိုင်ကလည်းယုံမှားမကင်းဖြစ်ပြီး ဘယ်နေရာပဲဖြစ်ဖြစ် မိမိရဲ့ဇာတိရပ်ရွာမဟုတ်ဘူးလို့ခံစားတတ်တယ်။ ဒါပေမဲ့ကျွန်တော် ယူနန်ပြည်နယ်ကို ကြိုက်တယ်၊ ကျွန်တော့်ဇာတိရပ်ရွာဖြစ်တဲ့ Colorado ပြည်နယ်ကိုလည်းကြိုက်တယ်။ ဒါကြောင့် ဘယ်နေရာပဲဖြစ်ဖြစ် ကျွန်တော့်ဇာတိဖြစ်တယ်လို့လည်း ခံစားရတယ်"ဟု ဖန့်ရှောင်လင်က အလှိုက်တလှဲဖြစ်မိ၍ ပြောသည်။ စင်စစ်သော် ယူနန်ပြည်နယ်တွင် မိမိ၏ စိတ်အေးချမ်းရာနေရာနှင့် မိမိ၏အိပ်မက်ကို အကောင်အထည်ဖော်ဆောင်ရာနေရာတို့ကို ရှာဖွေရပြီးဖြစ်သည့် ဖန့်ရှောင်လင်အတွက် "ဤစိတ်အေးရာနေရာမှာ ကျွန်ုပ်ဇာတိမြေဖြစ်သည်"ဟူသောစကားသည် အကောင်းဆုံးသောအဖြေဖြစ်ကောင်း ဖြစ်လိမ့်မည်။

သတင်းထောက် - ဟန်ချိန်ယွမ်

